www.burmeseclassic.com

# အသည်းကျော်ကလေး

မောင်စည်သူ

အသည်းကျော်လေးရယ်တဲ့....။

အားလုံးပင် အသံထွက်အောင်ရယ်လိုက်ကြလေသည်။ သို့ပေမဲ့ အားလုံးထက် အသံအကျယ်ဆုံးနှင့် ရယ်လိုက်သူမှာတော့ ဒေါ်သိန်းရင်ပင်ဖြစ်လေသည်။ဒေါ်သိန်းရင်သည် လက်ထဲမှစာရွက်ကလေးကို ဖြန့်ကြည့်လိုက်ရယ်လိုက်နှင့် သုံးလေးခါထက်မနည်း ထပ်ကျော့နေလေသည်မှာ မျက်စိနောက်တတ်သူအဖို့ နားရွက်ဆွဲလိမ်ချင်စရာတောင် ကောင်းချင်နေပေမည်။

"အို .... မေမေကလည်းနော်... ကြည့်ပါလား... ရိုက်ချင် ထရိုက်လိုက်တာကမှ တော်ဦးမယ်.... အခုတော့"

ဒေါ်သိန်းရင်ရဲ့သမီးက မနှစ်မြို့သော မျက်နှာထားကိုသော်မှပင် မဖုံးကွယ်နိုင်ရှာဘဲ ဤသို့ဆိုလိုက်မိလေသည်။

"အသည်းကျော်ကလေးရယ်တဲ့ ဟီ..ဟီ..တယ်နန်းဆန်လိုက်တဲ့ ကာလသားသမီးတွေ.. ဟင်း..ဟင်း"

ဒေါ်သိန်းရင်သည်အမြင်ကပ်လောက်အောင် ထပ်ပြီးရယ်ပြန်လေသည်။

"ဟင် မေမေကလည်း လွန်လွန်းပြီ.. ကြည့်ပါဦးကောင်မလေးသိပ်ရှက်နေရှာတော့မယ်။ သူကကြိုက်ချင်မှလည်းကြိုက်မှာ မေးကြည့်ဦးမယ်"

သူတို့သည် မီးဖိုချောင်ဘက်သို့ ပြိုင်တူလှမ်းကြည့်မိလိုက်ရာ စိန်ရင်သည် ခေါင်းကိုသာအတွင်ငုံ့ကာ ပန်းကန်များကို ကုန်းကျုံးဆေးနေသည်ကို တွေ့ရလေသည်။

ဒေါ်သိန်းရင်၏ ထပ်၍ရယ်လိုက်သော အသံသည် နားထဲသို့ ပြေးဝင်ပြန်လေရာ သူမသည် ခပ်ရှက်ရှက်နှင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး ချက်ချင်းငုံ့ပစ်လိုက်မိတော့သည်။

ဟုတ်ပါတယ်။သူမခေါင်းအုံးအောက်တွင် သိမ်းထားသည့် စာရွက်ပြာကလေးပင် ဖြစ်ပါသည်။ မလွဲနိုင်ပါ။

တစ်နေ့တုန်းခါက ဒရိုင်ဘာလှဖေက သူမအားပေးလိုက်သည့် စာရွက်ပြာကလေးပင်ဖြစ်ပါသည်။ သူမအား အတော်စာတတ်တယ်ထင်၍ ပေးခြင်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဒါပေမဲ့ သူမသည် မနည်းကြိုးစားပြီး တစ်လုံးချင်း ပေါင်းဖတ်တာတောင်မှပင် အဓိပ္ပာယ်ကို ရိုးတိုးရိပ်တိတ်လောက်သာနားလည်ခဲ့လေသည်။ သူမ စာမပြန်ခဲ့သေး။ တကယ်ဆိုတော့လည်း ဘယ်တော့မှ ပြန်မည်ဟု မရည်ရွယ်ခဲ့။ ငယ်ငယ်တုန်းက သူငယ်တန်းသာသာမျှ တတ်ထားသော ပညာနှင့် မည်သို့မှစာလုံးဖြစ်အောင် ရေးတတ်မည်မဟုတ်သည်ကို သူမသိလေသည်။

ဒီလိုမရေးတတ်သည့်အတွက် ပါးစပ်နှင့်စကားပြန်မည်ဟုလည်း မရည်ရွယ်မိသေး။ အဘယ်ကြောင့်ဆိုသော် မျက်နှာရှူး ဒရိုင်ဘာလှဖေအား သူမသည်ဘာဖြစ်လို့မသိမိမိမှာလည်း အခိုင်းအစေမ တစ်ယောက်မျှဖြစ်သည်ကို သိလျှက်နည်းနည်းမျှအယုံအကြည်မရှိခဲ့။ ထို့ကြောင့် မဟုတ်လော သူမသည်တွေ့တိုင်း သူ့အားမျက်စောင်းခဲလိုက်သည်ချည်းဖြစ်လေသည်။

ဒါပေမဲ့ အခုကိစ္စမှာတော့ ဘာပဲဖြစ်ဖြစ် [illegible] ခိုးထည်နှင့်အမိခံရလေပြီ။ ထို့ကြောင့် စိန်ရင်သည် အတော်

www.burmeseclassic.com

www.burmeseclassic.com



ရှက်ကြောက်ဝမ်းနည်းမိလေသည်။ ဒီအပေါ် ဒေါ်သိန်းရင်မှာ ကြောက်စရာကောင်းသော မင်းကတော်တစ်ယောက်ဖြစ်လေသည်။

အလိုဘုရားရေ...

ပန်းကန်တစ်လုံးလက်မှလွတ်ပြီး ဂျွမ်းဂျွမ်းကွဲသွားသည်ကို သူမသည် ကြောင်၍ ဖိုလိုက်သောရင်လုံးဖြင့် ကြည့်နေမိလေသည်။ တကယ်ဆိုတော့ သူမသည် မွှန်မွှန်ထူထူနှင့်လုပ်ရင်းကိုင်ရင်း မည်သို့မည်ပုံကျကွဲသွားလိုက်သည်ကိုတောင်မှ မတွေးတတ်ဘဲ ဖြစ်နေလေသည်။

ခပ်ပြင်းပြင်းခြေသံတခု သူမနားတွင် လာရပ်သည်။ သတိထားမိ၍ မော့ကြည့်လိုက်ရာ သုန်မှုန်သောမျက်နှာထားကို တွေ့ရသဖြင့် ရန်ခုန်သွားမိလေသည်။

စိန်ရင်သည် မော့မော့ကလေးနှင့် ဒေါ်သိန်းရင်မျက်နှာအား စိုးရွံ့စွာ ကြည့်နေမိလေသည်။

BURMESE CLASSIC .com

"နင်...ဘာစိတ်မွှန်နေတာတုန်း..ဟင်"

ဤသို့ မာကျောသောအသံနှင့် မရှေးမနှောင်းပင် ရက်စက်သောလက်သည် စိန်ရင့်ပါးနားသို့ ဝဲလာစဉ်တွင် သူ့သမီးက လှမ်းဆွဲလိုက်သဖြင့် စိန်ရင်မှာ သက်သာရာရသွား လေသည်။

"မေမေကလည်း မလုပ်ပါနဲ့ မေမေရယ်။ သူ့ခမျာ မွှန်မွှန်ထူထူနဲ့ မတော်တဆ လွတ်ကျတာပါ"

ဒေါ်သိန်းရင်သည် ဒေါသဖြင့် တုန်ဟီးနေလေသည်။

"ညည်းတို့ လင်စိတ်တွေမွှန်တိုင်း ငါ့အိမ်ကပစ္စည်းတွေ အဆုံးရှုံးမခံနိုင်ဘူးဟဲ့"

ဝင်းဝင်းတောက်လျှက်ရှိသော မျက်လုံးများဖြင့် ဤသို့ဆိုလိုက်ပြီး သူမသည် သန်းရဲ့လက်ထဲမှ အတင်းရုန်းကြည့်လေသည်။ ခြေထောက်နှင့်လည်း လှမ်း၍ကန်လိုက်ပေသေးသည်။

"တော်ပါ မေမေရယ်၊ ဒေါသဖြစ်ရင်လည်း မေမေပဲ ခံရတာ ဟုတ်လား။ ရင်တုန်တတ်တဲ့ လူဟာဒေါသဖြစ်အောင်မလုပ်ရဘူးတဲ့။ ဆရာဝန်က ပြောတာလည်း မေမေက နားမှမထောင်ဘဲကိုး သန်းစိတ်ညစ်ပြီ"

"ညည်းတို့က တယ်ကိုယ်ချင်းစာတတ်ကြတယ်ပေါ့လေ။ ညည်းတို့လည်း ရည်းစားထားတတ်လို့ ကိုယ်ချင်းစာပြီး သနားတာပေါ့ဟုတ်လား"

သူမသည်နီးရာလူကိုမဲလေသည်။ ဒါပေမဲ့ သန်းသည် တစ်ဘက်သို့လှည့်ပြီး ပြုံးလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော်ဒေါ်သိန်းရင် ပြောသည်မှာ သွေးထွက်အောင် မှန်သောကြောင့်တည်း။ သန်းသည် ခေတ်အမျိုးသမီးပီပီ ရည်းစားခြောက်ယောက်ထက်မနည်း ထားဖူးလေသည်။ သူမသည် စိတ်ရင်းအားဖြင့်လည်း ကျယ်ပြန့်၊ ရက်ရော၊ သနားတတ်သူဖြစ်လေသည်။ ဒါကြောင့်ပင် အသနားခံ သူတွေကို သနား၊ သနားသွားတတ်သဖြင့် ရည်းစားခြောက်ယောက်အထိ သနားမိခဲ့ခြင်း ဖြစ်လေသည်။ ဒီတော့ အဘယ်မှာကိုယ်ချင်းမစာတတ်ဘဲ ရှိချေမည်နည်း။ နို့ပြီးတော့လည်း စိန်ရင်သည် ခြောက်ယောက် ရည်းစားအနက် သုံးယောက်သော ရည်းစားတို့နှင့် ဆက်သွယ်ရာတွင် အကျိုးဆောင်သူမဟုတ်ပါလော။

"ဟင် မေမေကလည်း ကိုယ့်သမီးကို ဒီလိုပဲပြောရသလား သန်းရှက်ပါတယ်"

ဤသို့တော့ သန်းမူနွဲ့လိုက်ပါသေးသည်။

ဘာပဲဖြစ်ဖြစ် စိန်ရင်သည် သန်းအားကျေးဇူးအတော်တင်ပစ်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် သန်း သည်သူ့မေမေအား အိမ်ပေါ်ထပ်အထိ ခေါ်သွားပြီး ငြိမ်ဆိမ်အောင်လုပ်ထားပစ်လိုက်သောကြောင့်ဖြစ်လေသည်။

သန်း စိန်ရင် ဟင်းအိုးပြင်နေသည့်အနားသို့ လာပြီး ရပ်လိုက်သောအခါ စိန်ရင်သည် မျက်နှာပေါ်တွင် ရှက်သွေးကလေးတွေ သမ်းလျက်ရှိနေလေသည်။

"စိန်ရင် နင်တကယ် လှဖေနဲ့ ကြိုက်နေပြီလား ဟင် ငါတောင် မသိလိုက်ပါလား"

"ဟင် ဘယ်ကဟုတ်ရမှာလဲ အစ်မလေးရဲ့"

"အမယ် စိန်ရင်ရယ် ငါ့ကိုမညာပါနဲ့၊ ဘာများ ရှက်စရာရှိလို့လဲ"

ဘာမှရှက်စရာမရှိတော့ဟုလည်း စိန်ရင်အဖို့မဟုတ်ပါ။ ရှက်ပါသည်။ သန်းအဖို့တော့ ဟုတ်ချင်ဟုတ်ပါမည်။ စိန်ရင်အဖို့တော့ မတွေ့ဖူး၊ မကြုံဖူးသဖြင့် ရှက်ရပါသည်။ ရှက်..ရှက်မိပါသည်။

"အဟုတ်ပါ ဘာမှမဟုတ်သေးပါဘူး..မမသန်းရဲ့"

သူမသည် ထစ်ထစ်ငေါ့ငေါ့နှင့် ဤသို့ပြောမိလိုက်ရာ သန်းသည် တခစ်ခစ်နဲ့ရယ်လိုက်ပြီး ..

"ဟင် စိန်ရင်ရယ် နင့်ဟာက ဘာကိုယုံရမှာလဲ အဟုတ်ပါလည်းပြောရဲ့ မဟုတ်ဘူးလည်း ပြောရဲ့ ဟိ..ဟိ"

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သူမသည် တခစ်ခစ် တဟိဟိနှင့်ရယ်နေလေသည်။ စိန်ရင်အားလည်း သနားသလို ကြည့်နေမိလေသည်။

"ဒီလိုပါ သူက ကျွန်မကို နှစ်ခါ သုံးခါ အတင်းလိုက် ပေးတာနဲ့ လူတွေမြင်မှာစိုးလို့ ယူ..ယူထားမိ"

"အိုတော်ပါ စိန်ရင်ရယ် ငါသိပါပြီ ညည်းဘာပြောမယ်ဆိုတာ... ဟိဟိ.."

သန်းသည် ခပ်ညှစ်ညှစ်ကလေးရယ်ရင်း ထွက်သွားလေသည် စိန်ရင်မှာ ဒီလောက်စကားလေး သုံးလေးလုံးလောက်ကိုတောင်မှကွဲအောင် မပြောနိုင်ကောင်းလားဟု မိမိကိုယ်ကိုယ် အပြစ်တင်ရင်း ကျန်နေမိခဲ့လေသည်။

စိန်ရင်သည် ဘယ်ဝင်္ကြေးဘယ်ရှေးကံကိုမှ စိတ်နာရကောင်းမှန်းမသိလိုက်ဘဲ မင်းဘုရားနှင့်မင်းကတော် ဒေါ်သိန်းရင်အိမ်တွင် ထမင်းချက်လုပ်ရင်း သုံးနှစ်သုံးမိုးလောက်နေပြီးသည်၏ အခြားဘက်၌ အပျိုကြီးဖားဖားအရွယ်သို့ ရောက်လာလေသည်။

ဒါပေမဲ့ ဒရိုင်ဘာလှဖေ၏ အသည်းကျော်ကလေးမဖြစ်သေးဘဲရှိခြင်းမှာ အတော်အံ့ဩရမလိုဖြစ်နေလေသည်။ လှဖေကပဲ ညံ့လွန်းလို့လား၊ ဒါမှမဟုတ်ရင်လည်း စိန်ရင် ချစ်ရ၊ ကြိုက်ရမှန်းမသိသေးလို့ပဲလားဟု တွေးရမလိုဖြစ်နေလေသည်။

လှဖေကတော့ အသည်းကျော်ကလေး အစချီသောစာလွှာမျိုး အခွင့်သာတိုင်း ပေးရုံတင်သာမက နှစ်ယောက်ချင်းလစ်သည့်အခါများ၌ စိန်ရင့်လက်ကလေးကိုပင် ဆွဲ၍အသနားခံပေါင်းပင်များလှပြီ။ ဒီအခါများ၌ စိန်ရင်သည် ရှက်ဒေါသဖြင့် လက်ကိုဆောင့်ရုန်းပြီး အတင်း လှဖေအနားမှ ကြောက်အားနှင့် ဖဲခဲ့ရတတ်လေသည်။ လှဖေကို ဘာဖြစ်လို့မသိ သူချစ်လို့မရချေ။ သူမသည် အခု စားကောင်းခြင်း၊ အိပ်ကောင်းခြင်းစသည့် ဇိမ်များကိုသာမက တစ်ခါတစ်ရံစိတ်ကူးနှင့် သွေးသားလှုံ့ဆော်မှု ရေလှိုင်းတွင် လူးလွန့်ရင်း တွေးရတောရသည့် ဇိမ်များကိုတောင် ခံရကောင်းမှန်း သိလာပေပြီ။ ဒါပေမဲ့ လှဖေကိုတော့ ထည့်စဉ်းစားလို့မရ။

အဖြေတစ်ခုတော့ ရှိပါသည်။ လှဖေက သူ့ကိုအရှုးအမူး လိုက်လွန်း၍များ ရွံမုန်းနေလေရော့သလား၊ လူ့သဘောတစ်ခုရှိပါသည်။ အရလွယ်လွန်းအားကြီးသော ပစ္စည်းတစ်ခုကို မမြတ်နိုးတတ်ချေ။

ဘာပဲဖြစ်ဖြစ် လှဖေကတော့ စိန်ရင့်အား အဘယ်မျှကြိတ်မနိုင်ခဲမရ သူမ၏ တစ်တစ်ဖားဖား ကားရားတွားရားဖြစ်နေသည့် အချိုးအစားတို့ကို သားရေတမြားမြားဖြစ်နေသည့်တိုင်အောင် စိန်ရင်မှာ သူ့အသည်းကျော်မဖြစ်ဘဲ ရှိလျက်နေသေးသည်။ ဒါပေမဲ့ ဒေါ်သိန်းရင်ကတော့ သူတို့အား ငြိလျက်ရှိနေလေပြီဟု အမြဲတမ်းယူဆထားလေသည်။ ဖွင့်၍လည်း သမုတ်တတ်လေသည်။ စိန်ရင်ကမူ ဘယ်တော့မှ မငြင်းသည့်ပြင် သက်ဲရှင်းခြင်းတို့ကိုလည်း မပြုချေ။

လှဖေကတော့ လစ်တိုင်းအခါအခွင့်ကို အသုံးပြုလိုက်သည်ချည်းဖြစ်ရာ တစ်ခါတစ်ရံစိန်ရင်မီးဖိုချောင်ထဲတွင်တစ်ယောက်တည်း အလုပ်လုပ်နေခိုက်များနှင့် ကြုံလျှင် သူ့အားပေးထားသည့် တန်းလျားမှကူးလာတတ်ပြီး

"စိန်ရင်ရယ်..နင်က ငါ့များ ဘာဖြစ်လို့ ဒီလောက်ခါးခါးသီးသီးငြင်းရတာလဲဟယ်။ ငါ့လည်း ငါ့ပညာနဲ့ မိန်းမတစ်ယောက်လောက်တော့ ထမင်းဝဝကြီးကျွေးနိုင်တဲ့သတ္တိ ရှိပါတယ်။ နင်ကသာ စကားပြန်လို့ရှိရင် သခင်ကြီးကို ပြောပြီး နေရာချခိုင်းရင် ဖြစ်နိုင်ပါတယ်ဟဲ့"

သူသည် စိန်ရင့်အား ရွှန်းရွှန်းစားစားကြီးကြည့်ပြီး ပြောရုံသာမက သူ့အားလန့်နေသည်ကိုလည်း သိသဖြင့် ဣန္ဒြေရရနှင့် အယုံအကြည်ရှိလောက်အောင် ပြောရှာလေသည်။

ဒါပေမဲ့ စိန်ရင်သည် သူ့အားမော်၍ပင်မကြည့်ချေ။ ထိုကား လှဖေအားပို၍ မချင့်မရဲဖြစ်စရာကောင်းလေသည်။ ထို့ကြောင့် လှဖေသည် တစ်ဘက်မှဒေါ်သိန်းရင် ဖြစ်ဖြစ်၊ အိမ်သားထဲကတယောက်ယောက်ဖြစ်ဖြစ် ထွက်လာမှာကိုလည်းကြောက်ရ၊ စိန်ရင့်ထံမှလည်း စကားတစ်ခွန်းမှ မကြားရသည့်အတွက် ရိုးတိုးရွတလည်းဖြစ်နှင့် အတော်စိတ်အိုက်နေလေသည်။

"ပြောပါ စိန်ရင်ရ ... ဒီလောက်ပဲ အဖက်မတန်ဘူးသဘောထားသလား၊ ချစ်နိုင်မလား–မချစ်နိုင်ဘူးလား ဒါပဲပြောဟာ ... အားမရစရာကောင်းလိုက်တာ"

သူသည် နောက်သို့ လှည့်ကြည့်လေသည်။ ဒေါ်သိန်းရင်များ ပေါ်လာမလား။

စိန်ရင်သည် ခေါင်းကိုသာသာတွင်တွင်ငုံ့နေလေသည်။ တစ်ချက်မျှ လှဖေအား မော်ကြည့်လိုက်တယ် ဆိုရုံ

www.burmeseclassic.com

www.burmeseclassic.com



မော်ကြည့်လိုက်ပြီး တကယ့်ကို မတုန်မလှုပ်အသွင်နှင့် လုပ်မြဲတိုင်းလုပ်နေလေသည်။

လှဖေသည် အတော့်ကို မချင့်မရဲဖြစ်လေသည်။ စိတ် ညစ်ညစ်နှင့် သူ့ဘာသာသူ ခေါင်းကိုနှစ်ချက်သုံးချက် သွက် သွက်လည်အောင်ခါပြီး သက်ပြင်းတချက် မှုတ် ထုတ်လေသည်။ နောက် စိန်ရင်၏ ပုံ့ပုံ့ရုံ့ရုံ့အိထွား နေသော ကိုယ်လုံးကို ကျောဘက်မှ ခဏမျှစိုက်ကြည့်နေ လေသည်။ သူသည် ခပ်ရှက်ရှက်နှင့် အနည်းငယ်ဒေါသ ဖြစ်ပြီး တစ်ခုခုကို ဆုံးဖြတ်လိုက်လေသည်။

"ကဲ စိန်ရင် မပြောဘူးလားပြောမလား မပြောရင် ငါဖက်နမ်းမိလိမ့်မယ်"

သူသည် စိတ်နောက်သို့ ကိုယ်ပါတော့မည်အလုပ် စိန်ရင်ကလည်း သူမ၏မျက်နှာကို လက်ကလေးနှစ်ဖက် ဖြင့် ကွယ်လိုက်သည်တွင်..

"ထွီ" ဟူသော ရွံရှာသည့် နှလုံးကိုဖော်ထုတ်လိုက် သံတစ်ခုခုကို နှစ်ဦးစလုံး ကြားရ၍လှည့်ကြည့်လိုက်ရာ တွင် ဒေါ်သိန်းရင်အား တွေ့မိကြလေသည်။

"ဟော့ ဒါ မင်းတို့အချစ်ခန်းဖွင့်ဖို့ နေရာမဟုတ်ဘူး ဟဲ့၊ မီးဖိုချောင် သိရဲ့လား"

မကြာမီ လှဖေကတော့ သူ့နေရာတန်းလျားသို့ အရှုံးနှင့်ပင် တပ်ခေါက်ပြီး ပြန်သွားနိုင်သော်လည်း စိန်ရင် မှာတော့ ဒေါ်သိန်းရင် မာန်မဲ ကြိမ်းမောင်းသံများတို့ကို အတော်ကြာခံနေလိုက်ရတော့သည်။

"သေပါတော့ စိန်ရင်ရယ်.."

ဒေါ်သိန်းရင်ပြန်ထွက်သွားသည့် အခါ၌ ဤသို့မိမိ ကိုယ်ကိုကျိန်ဆဲရင်း မျက်ရည်တပေါက်ပါးပြင်ပေါ်သို့ လိမ့်၍ကျလာလေသည်။

စိန်ရင်သည် ချွေးတလုံးလုံးနှင့် ဒယ်အိုးပေါ်သို့ငုံ့ ကြည့်ရင်းက မသိမသာပြုံးမိသွားလေသည်။ သူမသည် လက်မောင်းကအင်္ကျီစနှင့် နဖူးမှချွေးများကိုလည်းကောင်း၊ မီးခိုးရိုက်သဖြင့် မျက်ရည်များထွက်နေသည်ကိုလည်း ကောင်း၊ နှခေါင်းဝမှ စိုနေသည်တို့ကိုလည်းကောင်း သုတ်လိုက်ပြီးလျှင် တဖြည်းဖြည်းပါးစပ်ကို တပြင်ပြင်ပြု ရင်း ပြုံးလာလေသည်။

"အသည်းကျော်ကလေးရယ်.."

စာရွက်ပြာကလေးထဲက အသည်းကျော်မဟုတ်၊ ယခု သူမတွေ့နေရသည်မှာ အမြှုပ်များ တဖွားဖွားထ နေသည့် ဆီကြော်ရေထဲမှာနေသော ကြက်သည်းကြော်ဖြစ် လေသည်။

စိန်ရင်၏ မျက်လုံးများသည် ဘာဖြစ်လို့မသိ တ ဖြည်းဖြည်းရယ်ရယ်လာသည်ဟု ထင်မှတ်ရလေသည်။ နို့ပြီး သူမပါးစပ်မှလည်း ခပ်တိုးတိုးလေသံဖြင့်...

"အသည်းကျော်ကလေးရယ်၊ အသည်းကျော် ကလေးရယ်" ဤသို့ရွတ်ကြည့်မိလေသည်။

သူမသည် လှဖေမျက်နှာအားလည်း ပြေး၍မြင်မိ လိုက်လေသည်။ လှဖေသည် အခုတလော သူမအားအရင် ကဲ့သို့ အာသာပြင်းပြသည့် အမူအယာမျိုး အလျဉ်းမပြ တော့ဘဲ ခပ်စိမ်းစိမ်းပင် နေလျက်ရှိလေသည်။ သူမီးဖို ချောင်ထဲမှာ လာပြောတဲ့နေ့က ရှက်ရှက်နှင့်စိတ်များနာ သွားရှာ့သလား။ ဟုတ်ပါတယ်။ ကြည့်ပါလား ဟိုတစ် နေ့ သူမပါရပ်ရှင်လိုက်ကြည့်တုန်းက လှဖေသည်တချက် မျှပင်မကြည့်ချေ။ ခါတိုင်းဆိုရင် ကားမောင်းရင်း မှန်ထဲမှ ချောင်းချောင်းပြီးခိုးကြည့်ရသည်မှာ အမောပင်မဟုတ်ပါ လော။

စိန်ရင်သည် ထိုသို့တွေးနေသဖြင့် အိုးထဲကကြက် သည်းမှာ တူးသွားတော့မတတ်ပင်ဖြစ်ပြီး အနံ့သင်းသင်း ကလေးပင် ထွက်လာလေသည်။ သူမသည် ဒယ်အိုးကို ချလိုက်ပြီး သရေများပင် ကျလာလေသည်။

"ဟဲ့ စိန်ရင် အသည်းကို သပ်သပ်ဖယ်ထား.. နောက်ပြီး ဖေဖေ့ဖို့ကြော်ထားလိုက်"

ဤသို့ အမြတ်တနိုးသခင်ကြီးအား ကျွေးဖို့ရာ၊ ဒေါ် သိန်းရင်က ခိုင်းသည်ကို သူမပြေးသတိရမိလေသည်။

အသည်းကြော်...ထိုဟာသည် အမြတ်တနိုး ဖြစ် သည်။ အဘယ်မျှလောက် အရသာရှိလို့ပါလိမ့်။

စိန်ရင်သည် ဤအရာကိုတစ်သက်နှင့်တစ်ကိုယ် တစ်ခါ ဖူးမျှမစားဖူးချေ။ အဟုတ်ပါ။ မည်သူအံ့သြ အံ့သြ စိန်ရင်တော့ တစ်ခါမှ မစားဖူးပါ။

တကယ်ပင် စိန်ရင်သည် ကြက်သည်း၊ ဘဲသည်းကို စားဖို့ တစ်ခါမှအခွင့်အရေး မရခဲ့ဖူးပါ။ သူမသည် ဖြစ်နိုင် ပါမူ ထိုနစ်နာချက်ကို ဆင်းရဲသားအကျိုး၊ တန်းတူအခွင့် အရေးအတွက် ကြိုးပမ်းသူ နိုင်ငံရေးခေါင်းဆောင်တစ် ယောက်ယောက်ကိုပင် တိုင်တန်းချင်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် သူမသည်လည်း လူဖြစ်ပါလျက် ဘဲသည်း၊ ကြက်သည်းကို တစ်ခါမျှ မစားဖူးသောကြောင့်တည်း။

သူမသည် ဤအရသာနှင့် မတွေ့ဖူးသည်မှာ နံ့ချာလှသောထမင်းချက်ဘဝ အစေခံမဖြစ်သည်ကြောင့် တစ်ကြောင်းအပြင် အသက်အရွယ်ငယ်သည့် တစ်ကြောင်းလည်းပါပါသည်။

သူမ မိဘများသည် အဘယ်မျှ ဆင်းရဲသည့်တိုင်အောင် တစ်ခါတစ်ရံတနည်းနည်းနှင့်ဖြစ်ဖြစ်၊ ဘဲသားဟင်း၊ ကြက်သားဟင်း ချက်နိုင်ပါသည်။ ဒီအခါများတွင် မိခင်လုပ်သူက ..

"ကိုရင် ရော့ အသည်းဖတ် "

ဤသို့ဆိုပြီး သူမလင်၏ပန်းကန်ထဲသို့ ထည့်လိုက်လေသည်။ သူမယောကျ်ား မစားချင်လျှင် သူမစားလေသည်။ သူမ မစားဦးတော့ သားအကြီးဆုံးဖြစ်သူ စားရလေသည်။ အငယ်ဆုံး စိန်ရင်အလှည့်ဟူ၍ တစ်ခါမျှ မရှိဖူးချေ။

ဤသို့အသည်းနှင့် စိန်ရင် ငယ်တုန်းအခါကတည်းက လွဲခဲ့ရလေသည်။

သူများအိမ်မှာ ထမင်းချက်နှင့် နေရသည့်အခါ၌မူ ပြောစရာမရှိတော့ချေ။ သခင်ကြီးမရှိသည့်အခါ၌ သားသမီးတွေသည် ဟင်းပန်းကန်ချလိုက်သည်နှင့်တစ်ပြိုင်နက် အသည်းကိုလုကြလေသည်။ တစ်ခါတစ်ရံ ဟင်းအိုးအမွှေလွန်သွား၍ အသည်းများ ကြေသွားသည့်အခါများတွင် ဟင်းထည့်သည့်အခါ၌ ရတ်တရက်မတွေ့လျှင် ဒေါ်သိန်းရင်က

"ဟဲ့ စိန်ရင် အသည်းတွေဘယ်ရောက်ကုန်လဲ "

ဒီလို စစ်ကြောမေးမြန်းခြင်းကို ပြုသေးသည်။ ဒီတော့ စိန်ရင်သည် အလွန့်အလွန်စားချင်၍တောင်မှ ခိုးမစားရဲချေ။ အဘယ်မျှ အသည်းနှင့်ဝေးလေသနည်း။

ထို့ပြင် ချစ်သူနှစ်ဦးထမင်းဝိုင်းတွင် ချစ်ရေးကြုံရာ၌လည်း "ရော့ ကိုကို အသည်းကြော်ကလေး" ဟု ထည့်ပေးသည့်အဓိပ္ပာယ်ကိုလည်း ယခုစိန်ရင် နားလည်ပေပြီ။

စိန်ရင်သည်အခုမှ ဒယ်အိုးထဲက အသည်းကြော်ကို ကြည့်ရင်းကြည့်ရင်း လှဖေရေးသော အသည်းကြော်၏ အဓိပ္ပာယ်လေးနက်ပုံကို တစိမ့်စိမ့်တွေးကြည့်မိလေသည်။

အစက သူမသည် အသည်းကြော်ဆိုသည်မှာ ဝဲကျော်ထက် နားကြားရချိုမြိန်သည်ဆိုရုံလောက်သာ သိလေသည်။ ယခုမူ ဆိုလိုရင်းကို ကောင်းစွာနားလည်လေပြီ။

သူမသည် ဒေဝစ္ဆရာ နတ်သမီးနှင့် လှဖေကန္နိုင်းလိုက်ရင် ယခုလောက်သဘောကျမည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သူမပညာနှင့် သရုပ်သကောင်မဖော်နိုင်သောကြောင့် ဖြစ်လေသည်။ ယခုမူ စိန်ရင်သည် သရုပ်ပါပါ၊ အသားပါပါ၊ မျက်ဝါးထင်ထင် သဘောပေါက်မိလေပြီ။ သူမရှေ့တွင် ရှိနေသည့် အသည်းကြော်ကိုကြည့်ပြီး သွားရည်တမြားမြားနှင့် ဖြစ်နေလေရာ လှဖေ၏အသည်းကြော်ကလေးဆိုသည့်အဓိပ္ပာယ်ကို နားလည်လေလေဖြစ်နေသည်။

စိန်ရင်သည် ဒီတစ်ခါ လှဖေကို မျက်စိထဲက ဖျောက်လို့မရတော့ချေ။ ဟိုနေ့က ပြောလိုက်ပုံကို နှောင်တရလေသည်။ အခုချက်ချင်းသွား၍ပင် တောင်းပန်ချင်လေသည်။

စိန်ရင်သည် လှဖေနေသော တန်းလျားဘက်သို့ လှမ်းကြည့်လေသည်။ လှဖေအားမတွေ့၊ ဒါပေမဲ့ ကားသည် ဂိုဒေါင်ထဲမှာ ရှိနေသဖြင့် လှဖေရှိရမည်ဟု အတပ်တွေးလေသည်။ ထို့ကြောင့် သူမသည် မာယာဖြင့် အသံပေးလိုရကား အဝေးမှာ အိပ်နေသော ဘော်ဘီအား အသံကုန် အော်ခေါ်လိုက်လေသည်။

ဒါတောင် လှဖေသည် ထွက်မလာသဖြင့် သူမသည် မချင့်မရဲဖြစ်မိလေသည်။

နောက်သူမသည် မိန်းမကြိုက်တော့ ဆိုက်ဆိုက်သွားလေသည်။ လှဖေနေသောတန်းလျားသို့ အစက တစ်ခါမျှ မသွားဖူးသဖြင့် သူမသည် ပထမသော် ရှက်အမ်းအမ်းဖြစ်နေသော်လည်း အတင်းဇွတ်မှိတ်၍ သွားလေသည်။

" ကိုလှဖေ ...ကိုလှဖေ... "

တန်းလျားဝရောက်သောအခါ သူမသည် အော်ခေါ်လိုက်လေသည်။

လှဖေသည် ထွက်ကြည့်မိသည်တွင် စိန်ရင်ကိုတွေ့သဖြင့် အံ့သြနေလေသည်။ သူသည် ခပ်တည်တည်ကြောင်၍ကြည့်နေလေသည်။ ဒါပေမဲ့ စိန်ရင်သည် သူ့ထံသို့ အရောက်ရှိသွားလေသည်။

နောက်လှဖေနှင့် မျက်နှာချင်းဆိုင်နီးနီးကပ်ကပ် ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မိသောအခါ သူမသည် ခေါင်းငုံ့ပြီး လက်သည်းကလေးတွေကို ကိုက်နေသည်။ ဒါပေမဲ့ လှဖေသည် သူမ၏ ပြုံးယောင်ယောင်မျက်နှာပေးကိုတောင်မှ သတိမထားမိလေရော့သလား။

"ဘာလဲ...ဘာလဲ"

ဤသို့ပင် ဝေါက်ဆတ်ဆတ်မေးလိုက်ချေသေးသည်။

စိန်ရင်သည် အသနားခံသည့် မျက်နှာမျိုးဖြင့် မော့ကြည့်လိုက်မှ သူသည်နှောင်တရသလိုဖြစ်သွားလေသည်။

"ကိုလှဖေ"

"ဘာလဲ စိန်ရင်"

"စိန်ရင်လို့ မခေါ်ပါနဲ့လား ကိုလှဖေရယ်..စာရေးတုန်းကအတိုင်း "

လှဖေသည်ပင် ကြောင်သွားလေသည်။ သူသည် တကယ်ဆိုတော့ ရုတ်ခြည်းပင် စဉ်းစားလို့မရပေ။

"နားမလည်ပါဘူး စိန်ရင် "

စိန်ရင်သည် ခပ်ရှက်ရှက်ကလေးနှင့် ချစ်စရာကောင်းအောင် ပြုံးလိုက်ပြီး ...

"အ ... အ...သည်းကျော်လို့ ..."

❖

BURMESE CLASSIC .com

အတွဲ-၂၊ အမှတ်-၂၁၊ ၁၉၄၉၊ ဖေဖော်ဝါရီ၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com